ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (22-5-2007) (၅၃၂၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

နေပြည်တော် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ညွှန့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ကလည်း ခေတ္တဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၂-၅-၂၀၀၇
(အင်္ဂါနေ့)

ဇီဝမျိုးစုံမျိုးကွဲများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်၊ သားငှက်တိရစ္ဆာန်များ စုံလင်စွာ ရှိခြင်းနှင့် အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတော၊ ဒီရေတော စသည့် သဘာဝအနေအထားအမျိုးမျိုးတို့ တည်ရှိနေခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ပိုးမွှားအပါအဝင် သားငှက်တိရစ္ဆာန် မျိုးစိတ်ပေါင်း တစ်သန်းကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အာရှတိုက်အတွင်း၌ ဇီဝမျိုးကွဲ အထူးများပြားသော ဒေသများတွင် အပါအဝင်ဖြစ်သည်။ ဇီဝမျိုးကွဲ လေ့လာတွေ့ရှိမှု မှတ်တမ်းများအရ ပန်းပင်မျိုးပေါင်း တစ်သောင်းကျော်၊ သစ်ခွမျိုးပေါင်း ရှစ်ရာကျော်၊ လိပ်ပြာမျိုးပေါင်း တစ်ထောင်ကျော်၊ လင်းနို့မျိုးပေါင်း ကိုးဆယ်ကျော်နှင့် ငှက်မျိုးပေါင်း တစ်ထောင်ကျော်ရှိသည်။

ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၊ အင်းတော်ကြီးအိုင်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တော စသည်တို့သည် သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သော နယ်မြေဒေသများဖြစ်သည်။

ထို့အပြင် ဧရာဝတီမြစ်အထက်ပိုင်း မင်းကွန်းနှင့် ကျောက်မြောင်းအကြားရှိ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးနယ်မြေ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဂုတ်ထိပ်နယ်မြေနှင့် ယင်းမာပင်မြို့နယ်ရှိ ဖိုလ်ဝင်တောင် သစ်တောကြိုးဝိုင်းနယ်မြေတို့တွင်လည်း ရှားပါးတိရစ္ဆာန်၊ အပင်များ၊ ငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို တွေ့ရှိနေရသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးသည် လူသားမျိုးဆက်များအတွက် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ရေ၊ မြေ သဘာဝ သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် ဆက်စပ်သက်ဆိုင်နေသည်ဖြစ်ရာ ပြည်သူ တစ်ရပ်လုံးက မိမိတို့ဒေသအလိုက် သဘာဝသစ်တောများ၊ ရှားပါး တိရစ္ဆာန်များ၊ ငှက်အမျိုးမျိုးနှင့် သစ်ပင်ပန်းမန်များအား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှု ရေရှည်တည်တံ့နေမည်ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဇ္ဇုဝန် (၃)လမ်းနေ ဒေါ်သန်းစိန်၏ အသက် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တိုင်းမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီအခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် ယမန်နေ့ နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီ အခြေခံသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေကြပြီး အဆို၊ အက၊ အရေး၊ အတီး သင်တန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင် ပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တိုင်းမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီအခြေခံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ

စာအောင်သံဃာတော်များအား ချီးကျူးပူဇော်မည်

ရန်ကုန် မေ ၂၁

နိုင်ငံတော်က ကြီးမှူးကျင်းပခဲ့သည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆို/ပြန်ဆို အောင်မြင်တော်မူကြသော တိပိဋကဓရ အရှင်အဘိဇာတာဘိဝံသနှင့် ဝိသိဋ္ဌ မူလအာဘိဓမ္မိက အရှင်ဝါသေဋ္ဌာလင်္ကာရ အပါအဝင် စာအောင်သံဃာ အပါး ၅၀ တို့အား ချီးကျူးဂုဏ်ပြုပူဇော်မည်ဖြစ်၍ (၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်) မေ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲအရောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၅) ကြားတောရလမ်းရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်သို့ အပူဇော်ခံကြွရောက်ရန် ပင့်လျှောက်စာများ စာတိုက်မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သော်လည်း ယခုအခါ တစ်ရက်ကြိုတင်၍ မေ ၂၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီအရောက် ကြွရောက် ပါရန် ပင့်လျှောက်ထားသည်။

ဆွမ်းအလှူရှင်၊ ငွေပဒေသာပင် အလှူရှင်များအနေဖြင့် ဖိတ်စာ အချိန်မီ မရောက်ရှိပါကလည်း ကြွရောက်ကြည်ညို ပူဇော်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် တိပိဋကဓမ္မရက္ခိတ အဖွဲ့ရုံးအမှတ် (၁၅) ကြားတောရလမ်း၊ ရွှေတိဂုံစေတီတော် အရှေ့ဘက် ဗဟန်းမြို့နယ် ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရိရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးငွေးမြင့် ရတနာပုံတံတားဆောက်လုပ်ရေး(မန္တလေး)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀ကို ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်ဆွေ လက်ခံယူစဉ်။ (က-ပ)

တာမွေမြို့နယ် (၁၆၁)လမ်းနေ ဦးနေဝင်း-ဒေါ်စန်းစန်းမူ၊ သမီးဖြိုးသန္တာဝင်း၊ ဖြိုးနီလာဝင်း၊ ဖြိုးဟေမာဝင်း၊ ဖြိုးဥမ္မာဝင်း၊ ဖြိုးဇာနည်ဝင်း မိသားစုက ဦးနေဝင်း၏ (၅၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဘာအရေးကြီးသလဲ

ငါးမင်းဆွေ

သင်္ကြန်အကြိုနေ့တွင် ကျွန်တော်ဆေးရုံမှ ဆင်းခဲ့သည်။ ကျန်းမာရေး အခြေအနေကြောင့် ယခုနှစ်သင်္ကြန်တွင် အိမ်မှာပင် အနားယူရပါသည်။ စာအုပ်ဗီရိုထဲမှ ဘယ်နှစ်ကြိမ်ဖတ်ဖတ် မရိုးနိုင်သော"ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ"စာအုပ်ကို ယူ၍ဖတ်ရှုမိပါသည်။ ဗိုလ်ချုပ်၏ အလယ်ပစ္စယံညီလာခံမိန့်ခွန်းထဲမှ နိုင်ငံရေးနှင့်ပတ်သက်၍ ပြောကြားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

"နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ် နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်။ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာ ဖြစ်ပေ၏။ နိုင်ငံရေးဆိုတာ ဘာလဲဟု မေးဖွယ်ရာရှိပြန်၏။ ကျွန်ုပ်တို့သည် သာမန်ပုထုဇဉ်လူသားများဖြစ်သောကြောင့် နိုင်ငံရေးကို မလုပ်သင့်။ နိုင်ငံရေးသည် အလွန်မြင့်မြတ်သည့်အတွက် ကျွန်ုပ်တို့နှင့် မတန်ရာ၊ လေးမြတ်စွာရှုမျှော်ရန်သာလျှင်ရှိသည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးဆိုသည်မှာ အချို့သော လူညာလူလိမ်တို့က တောအုံကနား ကျေးတောသားလူရိုးလူအတို့ကို အတိတ်၊ တဘောင်၊ စနည်း၊ ဘဝေါတို့ကို တွင်တွင်ကြီးဟောပြော၍ ထိုသူတို့၏ မနောအကြိုက်ကိုလိုက်ကာ အငိုက်ကိုဖမ်းပြီးနောက် စားပေါက်ထွင်ကြသည့် ကိစ္စဟုဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကန္တာရခရီးပမာ ကြောက်မက်ဖွယ်သော အန္တရာယ်များစွာရှိသော အရေးကိစ္စဖြစ်သောကြောင့် ကျွန်ုပ်တို့ တတ်သာလျှင် ရှောင်ရှားသင့်သည့်ကိစ္စ ဖြစ်သည်ဟု ဆိုရမည်လော။ သို့တည်းမဟုတ် နိုင်ငံရေးသည် ကျွန်ုပ်တို့ ပြောလေ့ပြောထရှိသည့်အတိုင်း အမျိုး ဘာသာ သာသနာဟုပင် ဆိုရမည်လော။

"နိုင်ငံရေးသဘောအမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်းမဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလမ်းလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်နှင့်လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မြော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏"

နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့၏လူမှုဘဝ ပတ်ဝန်းကျင်တွင် လက်ရှိပေါ်ပေါက် ဖြစ်ပွားလျက်ရှိသော အခြေအနေပေါ်တွင် မူတည်၍ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ဆုံးဖြတ်ပြီး ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ကြောင်း ဗိုလ်ချုပ်က ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသော အခြေအနေသည် အမေရိကန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့်လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင် ဖြစ်ပွားပေါ်ပေါက်နေသော အခြေအနေနှင့်လည်းကောင်း မတူညီနိုင်ပေ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေကြပါသည်။ အိန္ဒိယနိုင်ငံသည်လည်း သူတို့နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေပေါ်တွင်မူတည်၍ သူတို့နှင့်ကိုက်ညီမည့် နိုင်ငံရေးပုံစံဖြင့် တိုင်းပြည်ကို ထူထောင်နေကြရပါသည်။ ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လည်း ကျွန်တော်တို့နိုင်ငံတွင် ပေါ်ပေါက်ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ် မူတည်၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် နိုင်ငံရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြရပါမည်။

ယခုအခါ ကျွန်တော်တို့သည် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် နိုင်ငံရေး အနက်အဓိပ္ပာယ်အတိုင်း ကျွန်တော်တို့နိုင်ငံ၏ လူမှုပတ်ဝန်းကျင်၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ် မူတည်ပြီး တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ကာ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မကြာမီ ထိုအခြေခံဥပဒေကြီး ပေါ်ထွန်းလာပါတော့မည်။ ပြည်သူလူထုတစ်ရပ်လုံးက ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို တစ်ခဲနက် ထောက်ခံအတည်ပြုကြမည်လည်း ဖြစ်ပါသည်။

ကျွန်တော်သည် စာရေးဆရာတစ်ယောက် မဟုတ်ပါ။ စာနယ်ဇင်းသမားတစ်ယောက်လည်း မဟုတ်ပါ။ နိုင်ငံရေးသုခမိန် တစ်ယောက်လည်း မဟုတ်ပါ။ မိသားစု စားဝတ်နေရေးအတွက် ရုန်းကန်ပြေးလွှား လုပ်ကိုင်နေရသော သာမန်ပြည်သူတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်၏ လတ်တလောအခြေအနေအရ ၁၃၆၈ ခုနှစ် အတွင်းတွင် နေ့စဉ်ထုတ် သတင်းစာများ၌ နိုင်ငံရေးဆောင်းပါးများ ရေးသားခဲ့ရပါသည်။ ဤသို့ရေးခြင်းမှာလည်း နိုင်ငံသားတစ်ယောက်၏ တာဝန်အရဖြစ်ပါသည်။

ယနေ့သည် သင်္ကြန်အတက်နေ့ဖြစ်သည်။ ၁၃၆၈ ခုနှစ်၏ နောက်ဆုံးနေ့လည်း ဖြစ်ပါသည်။ ဤဆောင်းပါးသည် ၁၃၆၈ ခုနှစ်တွင် ကျွန်တော် ရေးသားခဲ့သော နောက်ဆုံးဆောင်းပါးဖြစ်သည်။ ဘယ်အရာမှ မတည်မြဲသော အနိစ္စတရားဖြင့် ဆင်ခြင်ပါက ဤဆောင်းပါးသည် ကျွန်တော် ငါးမင်းဆွေ၏ နောက်ဆုံးဆောင်းပါးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထု စာဖတ်ပရိသတ်များခင်ဗျား- ကျွန်တော် ယနေ့ဖတ်ရှုခဲ့သော ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ၌ နောက်ဆုံးပြောကြားခဲ့သည့် မိန့်ခွန်းအပိုဒ်တစ်ခုကို မြန်မာပြည်သူလူထုတို့၏ နှလုံးသားထဲမှာစွဲပြီး အာဂုံဆောင် အလွတ်ရနေစေရန်အတွက် ရေးသားဖော်ပြပေးလိုက်ပါသည်။

"အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထု ညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ အဲဒီညီညွတ်ရေး နှစ်ခုမရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လဲ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရ လုပ်လုပ်၊ ဖာသယ်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော် ပြောချင်တယ်။ အဲဒီတော့ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်"

ညီအစ်ကိုသားချင်းများ ဖြစ်ကြသည့် ငြိမ်းချမ်းရေး မယူရသေးသော တိုင်းရင်းသား တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံတော်အစိုးရကို အတိုက်အခံပြု ဆန့်ကျင်ဝေဖန်နေသော နိုင်ငံရေးပါတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဟိုရောရော ဒီရောရော လုပ်နေသော ၈၈ မျိုးဆက် **"ရောကျောင်းသားကြီးများ"**ခင်ဗျား... အထက်ပါ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်းအပိုဒ်ကို လူကြီးမင်းတို့၏ နှလုံးသားထဲမှာစွဲပြီး အာဂုံဆောင် အလွတ်ရသည်အထိ အကြိမ်ကြိမ်ဖတ်ရှုစေလိုပါသည်။ "တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လဲ ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖာသယ်တိုင်းပြည် ဖြစ်နေမှာပဲ" ဆိုတဲ့ ဗိုလ်ချုပ်မိန့်ခွန်းကို လူကြီးမင်းတို့ နှလုံးသားထဲစွဲပြီး အလွတ်ရလာသောအခါ လူကြီးမင်းတို့ ဘာဆက်လုပ်သင့်သည်ကို အမြင်မှန်ရလာပြီး အစိုးရ၊ ပြည်သူလူထုတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လာကြမည်ဟု မျှော်လင့်မိပါသည်။

အမြင်မှန်မရသော လူကြီးမင်းတို့ကတော့ ငါတို့က တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး လုပ်နေကြတဲ့သူတွေပါလို့ ပြောလာစရာရှိပါသည်။ ဒါကို ကျွန်တော် လက်ခံသဘောတူပါသည်။ ယင်းသို့ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ဆောင်ရာတွင် အီရတ်နိုင်ငံမှ အသေခံဗုံးခွဲသမားများလို ကိုယ်လည်းသေချင်သေ၊ ပတ်ဝန်းကျင်မှလူတွေလည်း အားလုံးကိစ္စချောစေမည့် ကိုယ်ကျိုးစွန့် အနစ်နာခံမှုမျိုးကိုတော့ မြန်မာပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေးတို့ကို ထိခိုက်ပျက်ပြားအောင်လုပ်နေသော လူကြီးမင်းတို့၏ လုပ်ရပ်သည် နိုင်ငံသူ၊ နိုင်ငံသားများကို ထိခိုက်နစ်နာစေလျက်ရှိသည်ကို အမြင်မှန်ရသိရှိပြီး အစိုးရ၊ ပြည်သူလူထုတို့နှင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ရန် လိုအပ်နေပါပြီ။

ဒီနေရာမှာ အချို့သော နိုင်ငံရေး လှုပ်ရှားနေသူများကို သီးသန့်ပြောချင်သည်မှာ နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်နဲ့ လုပ်လို့မရဘူးဆိုသည်ပင်ဖြစ်ပါသည်။ နိုင်ငံရေးဆိုတာ လက်တွေ့သဘော ဆောင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးသိပ္ပံပညာ (Political Science) ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထောင်ထဲမှာ စိတ်ကူးယဉ်ခဲ့သမျှတွေကို မြန်မာ့နိုင်ငံရေးထဲ သွတ်သွင်းဖို့ မကြိုးစားသင့်ပါ၊ နောက်ပြီး အင်္ဂလန်တို့၊ အမေရိကန်တို့က လူတွေပြောသည့် နိုင်ငံရေးစကားကို ပုံတူကူးချပြီး မြန်မာနိုင်ငံမှာ ပြောလျှင် မှားသွားပါလိမ့်မည်။ ဖခင်ဗိုလ်ချုပ်က နိုင်ငံရေးဆိုတာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်တယ်ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ခဲ့သလဲ၊ ဘာတွေဖြစ်နေသလဲဆိုတာ ကြည့်ပြီး မိမိတို့ လူမျိုးတွေအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြရမည်သာ ဖြစ်ပါသည်။

> **တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေးတို့ကို ထိခိုက်ပျက်ပြားအောင်လုပ်နေသော လူကြီးမင်းတို့၏ လုပ်ရပ်သည် နိုင်ငံသူ၊ နိုင်ငံသားများကို ထိခိုက်နစ်နာစေလျက်ရှိသည်ကို အမြင်မှန်ရသိရှိပြီး အစိုးရ၊ ပြည်သူလူထုတို့နှင့် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ရန် လိုအပ်နေ။**

ခင်မင် လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများခင်ဗျား ... ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တိုင်းရင်းသားညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး ပျက်ပြားခဲ့ပါသည်။ ထိုညီညွတ်ရေးနှစ်ခု ပျက်ပြားခဲ့ခြင်းကြောင့် ကျွန်တော်တို့ တိုင်းပြည်သည် ကမ္ဘာ့ဖွံ့ဖြိုးမှု နောက်အကျဆုံး (LDC) နိုင်ငံအဆင့်သို့ ရောက်ခဲ့ရပါသည်။ ထိုညီညွတ်ရေးနှစ်ခု ပျက်ပြားခဲ့ခြင်းကြောင့် ကျွန်တော်တို့ တိုင်းပြည်သည် ၁၉၈၈ ခုနှစ် ကာလတွင် ဖခင်ဗိုလ်ချုပ် ပြောသလို တိုင်းပြည်မျိုး ဖြစ်လုနီးပါး အခြေအနေများ ဆိုးရွားခဲ့ရပါသည်။

ခင်မင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများခင်ဗျား... ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်အစိုးရက တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေးကို ဖော်ဆောင်လုပ်ကိုင်ခဲ့ရာ ယခုအခါ တိုင်းရင်းသားညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေးသည် ရာနှုန်းပြည့်နီးပါး ရရှိနေပြီဖြစ်ပါသည်။ ထိုညီညွတ်ရေးနှစ်ခုကို ဘယ်သူတွေ ဘာပြောပြော ဘယ်သူတွေ သွေးခွဲခွဲ၊ ဘယ်သူတွေ ဘာလုပ်လုပ် အပျက်ပြားမခံဘဲ စည်းလုံးညီညွတ်စွာဖြင့် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်း အတည်ပြုပြီး ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာ့အလယ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် တည်ဆောက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းပန်ကြားအပ်ပါသည်။ ။

မလေးရှားစက်မှုဇုန် စီမံကိန်းတွင် စင်ကာပူ ရင်းနှီးမြှုပ်နှံမည်

စင်ကာပူ မေ ၂၀

မလေးရှားနိုင်ငံရှိ စက်မှုဇုန်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စင်ကာပူနိုင်ငံက ကတိပြုလိုက်ကြောင်း မေ ၂၀ ရက် အင်တာနက် သတင်းတွင် ဖော်ပြသည်။ မလေးရှားစက်မှုဇုန်စီမံကိန်းအောင်မြင်ခြင်းဖြင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေး ယှဉ်ပြိုင်မှုတွင် မိမိတို့အလေးသာမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားသည်။

မလေးရှားနိုင်ငံတောင်ပိုင်းတွင် အစ်ခန်ဒါဖွံ့ဖြိုးရေးဒေသစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါ စက်မှုဇုန်စီမံကိန်း တိုးတက်အောင်မြင်ရေးအတွက် မိမိတို့ ပါဝင်ဆောင်ရွက်လိုကြောင်း လီက ပြောကြားသည်။

လီသည် မလေးရှားနိုင်ငံရှိ အပန်းဖြေကျွန်းဖြစ်သော လန်ကာဝီကျွန်းသို့ ရောက်ရှိခဲ့သည်။ ၎င်းသည် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စင်ကာပူနှင့် မလေးရှားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခြင်းသည် သုံးနှစ်နီးပါးကာလတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

အစ်ခန်ဒါဖွံ့ဖြိုးရေးဒေသ စီမံကိန်းအတွက် ရင်းဂစ် ၇၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ စင်ကာပူနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဂျိုဟောပြည်နယ်တွင် လွန်ခဲ့သည့် နှစ်မှစ၍ ယင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိသည်။ စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ယင်းစက်မှုဇုန်သည် စင်ကာပူနိုင်ငံ အရွယ်အစားထက် သုံးဆနီးပါးကြီးမားသော နယ်မြေဒေသတစ်ခုအဖြစ် ရပ်တည်လာမည်ဖြစ်သည်။

စက်မှုဇုန်စီမံကိန်းတွင် စင်ကာပူရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်ရန် မလေးရှားနိုင်ငံက လိုလားသည်။ ***အင်တာနက်။***

လက်ဘနွန် မြောက်ပိုင်း၌ တိုက်ပွဲများ ပြင်းထန် တိုက်ခိုက်မှု နှစ်ရက်အတွင်း ၅၅ ဦး သေဆုံး

ဘေရွတ် မေ ၂၁

လက်ဘနွန်နိုင်ငံမြောက်ပိုင်းတွင် မေ ၂၀ရက်က ပါလက်စတိုင်းလက်နက်ကိုင်များနှင့် လက်ဘနွန်တပ်ဖွဲ့တို့အကြား အပြင်းအထန်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် တပ်ဖွဲ့ဝင် ၂၃ ဦး သေဆုံးရကြောင်း၊ ယနေ့တွင်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး တိုက်ခိုက်မှု နှစ်ရက်အတွင်း ၅၅ဦး သေဆုံးကြောင်း စစ်ဘက်က အတည်ပြုပြောကြားသည်။

သေဆုံး

အဆိုပါ တိုက်ခိုက်မှုများကြောင့် တနင်္ဂနွေနေ့ တစ်ရက်တည်းမှာပင် ၄၈ဦး သေဆုံးကြောင်း ဒေသခံ အာရေးဗီးယားရုပ်မြင်သံကြား သတင်းဌာနက ထုတ်လွှင့်သွားသည်။ ၎င်းတို့ အနက် ၂၃ဦးမှာ လက်ဘနွန်တပ်ဖွဲ့ဝင်များဖြစ်ပြီး ၁၅ ဦးမှာ ပါလက်စတိုင်း ဖာတာ အယ်လ်အစ္စလမ်အဖွဲ့မှဖြစ်ကာ ကျန် ၁၀ဦးမှာ အရပ်သားများဖြစ်သည်ဟု ဆိုသည်။

နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့ရှိ နာရာအာလ်ဘာရက် ဒုက္ခသည်စခန်းရှိ မသင်္ကာဖွယ်ရာလူများကို ဖမ်းဆီးရန် လက်ဘနွန်စစ်ဘက်က ထိုစခန်းကို နံနက် အရုဏ်တက်ချိန်၌ စီးနင်းရာမှ ပစ်ခတ်မှုများ စတင်ဖြစ်ပွားခြင်းဖြစ်သည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ အနောက်ပိုင်း ဒေသများ၌ ကြွက်နှိမ်နင်းရန် လေ့ကျင့်ပေးထားသော မြေခွေးတစ်ကောင်ကို မေ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လန်ဒန်မြို့ ဂရင်းဝချ်စ်သင်္ဘောကျင်းရှိ ၁၉ရာစုနှစ် ရွက်သင်္ဘောကြီး မီးလောင်နေသည်ကို မေ ၂၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် ဂျာမန်တပ်ဖွဲ့ဝင်သုံးဦး ဗုံးထိမှန်သေဆုံး

မာဇာအီရှရစ်ဖ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဈေးတစ်ဈေးတွင် စနေနေ့က ဗုံးပေါက်ကွဲမှုကြောင့် ဂျာမန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီးအရပ်သား ခြောက်ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန် ကာပီစာပြည်နယ်တွင် အာဖဂန်နှင့်ပြည်ပတပ်ဖွဲ့များ၏ စစ်ဆင်ရေးတစ်ရပ်အတွင်း တာလီဘန်တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ကပြောကြားသည်။

ဂျာလာလာဘတ်မြို့အနီး ရှင်ဝါခရိုင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲအရာရှိနှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ***အင်တာနက်။***

ကျေးလက်ဖွံ့ဖြိုးရေး ဗီယက်နမ်ဆောင်ရွက်မည်

ဟန္နိုင်း မေ ၂၀

ဗီယက်နမ်နိုင်ငံ တောင်ပေါ်ဒေသနှင့် လူမျိုးစုများ နေထိုင်ရာအရပ်တွင် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၁၅၆ သန်းရယူ၍ ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။ နိုင်ငံရှိ ဝေးလံသီခေါင်သော ကျေးရွာပေါင်း ၄၂၄၃ တွင် ထိုဖွံ့ဖြိုးရေး အစီအစဉ်မှ ရရှိသည့် အမေရိကန်ဒေါ်လာသန်း ၅၀ ကိုကျခံသုံးစွဲသွားမည်ဖြစ်သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဒေသပေါင်း ၃၃ ခုတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ ဈေးကွက်သို့ စိုက်ပျိုးသီးနှံများ အလွယ်တကူရောက်ရှိစေရန်နှင့် စီးပွားရေး အခွင့်အလမ်းများ ပွင့်လန်းလာစေရန် ရန်ပုံငွေဒေါ်လာ၁၀၆ သန်းကျော်ကိုသုံးစွဲသွားရန် အစီအစဉ်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ရှင်ဝါခရိုင်၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ် တစ်စီးအား သယ်ယူနေသည်ကို မေ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုယုဇ်အာကာသယာဉ်များ ရုရှားတည်ဆောက်မည်

မော်စကို မေ ၂၀

ရုရှားနိုင်ငံရှိ အင်နာဂျီးယားဒုံးပျံနှင့် အာကာသစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းသည် ဆိုယုဇ်အာကာသယာဉ် ခြောက်စင်းနှင့် ပရိုဂရက်စ်ကုန်တင်အာကာသယာဉ် သုံးစင်းတို့ကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း မေ ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန် အမျိုးသားလေကြောင်းအာကာသနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)၏ အမှာစာအရလူလိုက်ပါနိုင်သော ဆိုယုဇ်အာကာသယာဉ်များနှင့် ကုန်တင်အာကာသယာဉ်များကို တည်ဆောက် ပေးမည်ဖြစ်ကြောင်း အင်နာဂျီးယားကော်ပိုရေးရှင်း ဥက္ကဋ္ဌ နီကိုလိုင်ဆီဗက်စတာနော့ဗ်က ပြောကြားသည်။

အင်နာဂျီးယားကော်ပိုရေးရှင်းသည် ၂၀၀၉ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဖော်ပြပါ အာကာသယာဉ်များကို တည်ဆောက်ပေးမည်ဖြစ်သည်။ အာကာသယာဉ်များနှင့် ကုန်တင်အာကာသယာဉ်များ တည်ဆောက်ပေးရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို ရုရှားနိုင်ငံရှိ ဖက်ဒရယ် အာကာသအေဂျင်စီနှင့် နာဆာတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အင်တာနက်။***

မြေခွေးနှင့် လင်းယုန်အသုံးပြု၍ စင်းကျန်ဒေသ၌ ကြွက်နှိမ်နင်းမည်

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံ အနောက်ပိုင်း၌ သောင်းကျန်းနေသော ကြွက်များကို နှိမ်နင်းရန်အတွက် တိရစ္ဆာန်မွေးမြူရေးဌာနတွင်ဝံပုလွေများ၊ လင်းယုန်ငှက်များနှင့် မြေခွေးများကို လေ့ကျင့်ပေးလျက်ရှိကြောင်း ဒေသခံမီဒီယာသတင်းများက ဖော်ပြသည်။

စင်းကျန်ပြည်နယ်မြောက်ပိုင်း အာလ်တာဒီဒေသ ဖူရန်ခရိုင်တွင် အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များသည် မြေခွေးအကောင် ၂၀ကို ယွမ်ငွေ ၈၀၀၀၀ဖြင့် ဝယ်ယူပြီး ကြွက်ဖမ်းနည်း လေ့ကျင့်ပေးလျက်ရှိသည်။ ထိုဒေသရှိ စားကျက်မြက်ခင်းမြေ ဟက်တာ နှစ်သန်းမှာ မြေကြွက်ကြီးများကြောင့် ပျက်စီးမည့် အခြေအနေဆိုက်နေကြောင်း ချိုင်းနားဒေလီသတင်းစာတွင် ရေးသားထားသည်။

ကြွက်ဖမ်းရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဒေသခံစစ်တပ်ဖွဲ့ကလည်း လင်းယုန်ငှက်များကို လေ့ကျင့်ပေးလျက်ရှိသည်။ လင်းယုန်ငှက်တစ်ကောင်သည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ကြွက် ၁၀ကောင်အထိ ဖမ်းယူစားသုံးနိုင်သည်ဟု ဆိုသည်။ ***အင်တာနက်။***

တရုတ်၌ အင်တာနက်ကြည့်ရှုသူ ၁၄၄ သန်းရှိ

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံတွင် ၂၀၀၇ ခုနှစ် မတ်လကုန်ပိုင်းအထိ အင်တာနက် ကြည့်ရှုသူဦးရေ ၁၄၄ သန်းရှိကြောင်း ပြန်ကြားရေးဌာနဝန်ကြီးက မေ ၁၇ ရက်က ပြောကြားသည်။ ၂၀၁၀ ပြည့်နှစ်ရောက်ချိန်တွင် တရုတ်နိုင်ငံ၌ အင်တာနက်ကြည့်ရှုသူ သန်း ၂၀၀ အထိ ရှိလာမည်ဖြစ်ကြောင်း၊ နှစ်စဉ် ၈ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ဓိဂူဟူက ပြောကြားသည်။ တရုတ်နိုင်ငံ၌ အင်တာနက်ကြည့်ရှုသူအများစုမှာ ဆယ်ကျော်သက်နှင့် လူငယ်များဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တွင် ဟိုတယ်များ တိုးချဲ့ဆောက်လုပ်ရန်လိုအပ်

ဟနွိုင်း မေ ၂၀

ဗီယက်နမ်နိုင်ငံတွင် ယခုကာလမှ ၂၀၁၀ပြည့်နှစ်အတွင်း ကြယ်လေးပွင့် သို့မဟုတ် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် ၁၅,၀၀၀မှ ၂၀,၀၀၀အထိ ထပ်မံဆောက်လုပ်သွားရန်လိုအပ်နေကြောင်း ဗီယက်နမ်ခရီးသွားဌာနက သောကြာနေ့တွင် ဖော်ပြသည်။ ဇိမ်ခံဟိုတယ်ကြီးများနှင့် အပန်းဖြေစခန်းများဆောက်လုပ်ရေးအတွက် ဆွဲဆောင်သည့်အနေဖြင့် ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးဌာန(ဗီအင်အေတီ)က နိုင်ငံတစ်ဝန်းရှိ အထင်ကရမြို့များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများသို့ မြေနေရာများချထားပေးရန် အဆိုတင်ပြခဲ့သည်။ အဆိုပါဌာနက စီးပွားရေးလုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းရှင်များကို လက်ရှိဧည့်ဂေဟာနှင့် အသေးစားဟိုတယ်များအဆင့်မှ အဆင့်မီ ဟိုတယ်များအဆင့်သို့ အဆင့်မြှင့်တင်ကြရန်ကိုလည်း တိုက်တွန်းသည်။

ဗီယက်နမ်တွင် အခန်း ၁၅,၀၀၀ရှိ ကြယ်လေးပွင့် သို့မဟုတ် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် ၉၀မျှသာရှိသည်ဟု ဗီအင်အေတီကပြောကြားသည်။ ဗီယက်နမ်နိုင်ငံအတွင်း လွန်ခဲ့သည့်နှစ်များအတွင်း အဆင့်မြင့်ဟိုတယ်များ နည်းပါးခဲ့ခြင်းကြောင့် ဟိုတယ်အခန်းခများမြင့်မားလာခဲ့သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ၏ နာမည်ကျော် မဟာတံတိုင်းကြီးကို မေ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လန်ဒန်ရဲတပ်ဖွဲ့ လူတစ်ဦးကိုပစ်သတ်

လန်ဒန် မေ ၂၀

ဗြိတိန်နိုင်ငံ လန်ဒန်ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့သည့် လူတစ်ဦးထံမှ ကျည်ဆန်ထည့်ပြီးသား သေနတ်တစ်လက်ကို တွေ့ရှိကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လန်ဒန်ရဲတပ်ဖွဲ့က သေနတ်ပစ်ခတ်မှုကို စုံစမ်းစစ်ဆေးနေစဉ် ရဲတပ်ဖွဲ့က အသက် ၅၂နှစ်ရှိ လူတစ်ဦးကို ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ပစ်ခတ်ခံရသူ မည်သူမည်ဝါဟုရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ပတ်ရှိုင်ရယ်မြေအောက်စခန်းအနီး ပါဘိုလိုစားသောက်ဆိုင်အပြင်ဘက်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်အတွင်း မည်သည့်ရဲအရာရှိမျှ သေဆုံးဒဏ်ရာရမှု မရှိကြောင်း၊ ဖမ်းဆီးထိန်းသိမ်းမှုလည်း မရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆိုမာလီ၌ စားနပ်ရိက္ခာ ဖြန့်ချိရေး စားပြုအန္တရာယ်နှင့် တွေ့ကြုံနေ

နိုင်ရိုဘီ မေ ၂၀

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က ဆိုမာလီနိုင်ငံတွင် စားနပ်ရိက္ခာဖြန့်ချိရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိနေစဉ် ဓားပြတိုက်သည့် အန္တရာယ်တွေ့ကြုံနေရကြောင်း ဒဗလျူအက်ဖ်ပီက သောကြာနေ့တွင် သတိပေးပြောကြားလိုက်သည်။

စစ်ဘေးဒဏ်ခံနေရသည့် မိုဂါဒစ်ရှူးမြို့တွင် ဒုက္ခသည် ၁၂၂၅၀၀ တို့ထံသို့ စားနပ်ရိက္ခာ ဖြန့်ဝေပြီးဖြစ်သည်ဟု ဒဗလျူအက်ဖ်ပီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမျိုးသမီးများနှင့်ကလေးငယ် အများအပြားပါဝင်သည့် ဒုက္ခသည်များအား ဒဗလျူအက်ဖ်ပီက စားနပ်ရိက္ခာတိုးချဲ့ဖြန့်ဖြူးလျက်ရှိရာ အစီအစဉ်အတိုင်း ဖြန့်ဝေမည့် ပြည်သူ ၁၅၀၀၀၀ အနက်မှ ၈၀ ရာခိုင်နှုန်းသို့ ဖြန့်ဝေနိုင်ခဲ့သည်ဟု နိုင်ရိုဘီရှိ ယင်းအစီအစဉ်မှ ညွှန်ကြားရေးမှူးဖြစ်သူ ပီတာဂူဆင်က ပြောကြားသည်။

သို့ရာတွင် မိမိတို့က စားနပ်ရိက္ခာများကို ပြည်သူများအတွက် တိုးချဲ့ဖြန့်ဝေလျက်ရှိစဉ် ဆိုမာလီ ကမ်းလွန်ဒေသ၌ ဓားပြမှုများထပ်မံပေါ်ပေါက်လာသဖြင့် မြန်ဆန်ထိရောက်သည့် ရေကြောင်းမှ စားနပ်ရိက္ခာ ပို့ဆောင်နေမှုအတွက် အန္တရာယ်ရှိသည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ပြုလုပ်သည့် ရပ်ဝေးမြေခြားတိရစ္ဆာန်များပြပွဲ၌ ပြသထားသော အင်ဂွါနာပုတ်သင်တစ်ကောင်ကို မေ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားကမ်းရိုးတန်းတွင် ဒီလှိုင်းလုံးများ ရိုက်ခတ် ကမ်းခြေရှိနေအိမ်များနှင့် ငါးဖမ်းလှေများပျက်စီး

ဂျကာတာ မေ ၂၀

အင်ဒိုနီးရှားကမ်းရိုးတန်း တစ်လျှောက်တွင် ဒီလှိုင်းရိုက်ခတ်မှုများ ဖြစ်ပွားခဲ့ရာ နေအိမ်အများအပြားနှင့် ငါးဖမ်းလှေများ ပျက်စီးခဲ့ကြောင်းတာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူမားတြားကျွန်းမှသည် နိုင်ငံတောင်ပိုင်းရှိ ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းဖြစ်သောဘာလီကျွန်းအထိအလွန်ကြီးမားသော ဒီလှိုင်းလုံးများ ရိုက်ခတ်ခဲ့ရာ ဒေသခံများသည် ဒုက္ခသည်များအဖြစ် စာသင်ကျောင်းများနှင့် အစိုးရရုံးအဆောက်အအုံများတွင် ခိုလှုံနေကြရသည်။

ဒီလှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် ကမ်းရိုးတန်းနေအိမ်များမှ ထွက်ပြေးကြရသူဦးရေမှာ ၁၂၄၆ ဦး ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက ပြောကြားသည်။

အနောက်ဂျာဗားနှင့် အနောက်ဆူမားတြားဒေသတို့မှာဒီလှိုင်းရိုက်ခတ်မှုကို အဆိုးရွားဆုံး တွေ့ကြုံရကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။ ***အင်တာနက်။***

စပိန်နိုင်ငံ ဗလင်စီယာဒေသ ပင်လယ်ပြင်၌ လူဝစ်ဗစ်တမ်ဖလားပြိုင်ပွဲဝင် ရွက်လှေတစ်စင်းကို မေ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘိုလီးဗီးယားသို့ ရေနံချက်စက်ရုံနှစ်ရုံ ဘရာဇီးရောင်းချပေးမည်

ဘရာစီးလီးယာ မေ ၂၀

ဘရာဇီးနိုင်ငံပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပက်ထရိုဘရာစ် ကုမ္ပဏီသည် ဘိုလီးဗီးယားနိုင်ငံသို့ ၎င်း၏ရေနံချက်စက်ရုံနှစ်ရုံကို ရောင်းချပေးမည်ဖြစ်ကြောင်း မေ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ဘိုလီးဗီးယားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီသည် အဆိုပါရေနံချက်စက်ရုံနှစ်ရုံကို အမေရိကန်ဒေါ်လာ ၁၁၂သန်းပေး၍ ဝယ်ယူမည်ဖြစ်ကြောင်း ဘရာဇီးသတင်းအေဂျင်စီကသတင်းထုတ်ပြန်သည်။

ဘိုလီးဗီးယားနိုင်ငံတွင် လက်ဝဲယိမ်းသမ္မတ အီဗိုမိုယာလက် အာဏာရရှိလာခဲ့ပြီးနောက် စွမ်းအင်ကဏ္ဍရှိ စက်ရုံများကို ပြည်သူပိုင်သိမ်းမည်ဟု လွန်ခဲ့သည့်နှစ်က ထုတ်ပြန်ကြေညာခဲ့သည်။ ဘိုလီးဗီးယားနိုင်ငံတွင် ယခင်အစိုးရအဖွဲ့များက စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခဲ့သည်။ ***အင်တာနက်။***

ကာလဝမ်းရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေး ဒဗလျူအိပ်ချ်အိုနှင့် အင်ဂိုလာ ပူးပေါင်းဆောင်ရွက်မည်

လူအန်ဒါ မေ ၂၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)နှင့် အင်ဂိုလာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန (မင်ဆာ)တို့ ပူးပေါင်းပြီး အင်ဂိုလာနိုင်ငံ ဘင်ဂူလာနှင့်မာလန်ဂျီပြည်နယ်တို့၌ ကာလဝမ်းရောဂါဖြစ်ပွားမှု ကိုင်တွယ်ဖြေရှင်းရေးနှင့် ထိန်းချုပ်ရေးသင်တန်းအစီအစဉ်တစ်ရပ်ကို တနင်္လာနေ့တွင် စတင်မည်ဖြစ်သည်။

အဆိုပါသင်တန်းမှာ နိုင်ငံအတွင်း၌ ကာလဝမ်းရောဂါနှင့် အခြားရောဂါများ ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ အမျိုးသားစွမ်းရည် တည်ဆောက်ရန် ရည်ရွယ်သည့်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းမင်ဆာက သောကြာနေ့တွင် ထုတ်ပြန်ကြေညာသည်။

လူအန်ဒါအခြေစိုက် ဒဗလျူအိပ်ချ်အို တာဝန်ရှိသူများ၊ ဘရာဇေးဗီးလ်နှင့် ဂျီနီဗာမှ ကျွမ်းကျင်သူများနှင့် အင်ဂိုလာနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အလုပ်သမားများဖြင့် ဖွဲ့စည်းထားသည့် ပူးတွဲအဖွဲ့များကို ကာလဝမ်းရောဂါ အဆိုးရွားဆုံးခံစားရသည့် အဆိုပါပြည်နယ် နှစ်ပြည်နယ်သို့ စေလွှတ်မည်ဖြစ်သည်။ ယင်းအဖွဲ့များက ပြည်နယ်များ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေကို စိစစ်မည်ဖြစ်သည်။

ယင်းအဖွဲ့များက ပြည်နယ် ရှစ်ပြည်နယ်မှ ကျွမ်းကျင်ဝန်ထမ်းများအား ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာစောင့်ကြပ်လေ့လာခြင်း၊ ရောဂါဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ကာလဝမ်းရောဂါကုဆေးပေးခန်းများအား ကြီးကြပ်ကွပ်ကဲခြင်း၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ အစားအစာများ သန့်ရှင်းစင်ကြယ်စေရေးအတွက် စိစစ်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးခြင်း စသည့် ဘာသာရပ်များကို ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဒုံးကျည်ကာကွယ်ရေးစနစ် ပိုလန်နှင့် အမေရိကန်ဆွေးနွေး

ဝါဆော မေ ၂၀

ပိုလန်နှင့် အမေရိကန်နိုင်ငံတို့သည် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ရပ်ကို ပိုလန်နယ်မြေတွင် ဖြန့်ကြက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုစတင်လိုက်ကြောင်း မေ ၁၉ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

နှစ်နိုင်ငံတာဝန်ရှိသူများသည် ဒုံးကျည်ကာကွယ်ရေးစနစ်အခြေစိုက်စခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း ပိုလန်ရေဒီယိုက သတင်းထုတ်ပြန်သည်။ ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံးအခြေစိုက်စခန်း ဖွင့်လှစ်မည့် အစီအစဉ်သည် ဥရောပတွင်ထားရှိမည့် အမေရိကန်ဒုံးခွင်းဒုံးဗဟိုဌာန၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ပိုလန်နိုင်ငံ၏ အိမ်နီးချင်း ချက်သမ္မတနိုင်ငံတွင် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်အတွက် ရေဒါအခြေစိုက်စခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ရေဒါအခြေစိုက်စခန်း ဖွင့်လှစ်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးနေကြပြီဖြစ်သည်။ ***အင်တာနက်။***

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပျဉ်းမနား-တောင်တွင်းကြီးလမ်း တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းနှင့် ဘွက်ကြီးတံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေး မှာကြား

နေပြည်တော် မေ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် မေ ၁၈ရက် နံနက် ၇နာရီခွဲတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း မိုင်တိုင်(၃၇/၆)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅) ပျဉ်းမနားမြို့နယ် ဝွေးချိုလမ်းဆုံသို့ နံနက် ၉နာရီတွင် ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝွေးချို ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)မှ မကွေးတိုင်း လက်ထောက်အင်ဂျင်နီယာ ဦးထင်ကျော်က ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တစ်လမ်းသွားမှ နှစ်လမ်းသွား တိုးတက်ပြုပြင်ခြင်းလုပ်ငန်း၊ မြေသားလမ်းချဲ့ခြင်း ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တစ်လမ်းသွားမှ နှစ်လမ်းသွားအဖြစ် မြေသားလမ်းချဲ့ခြင်းနှင့် ကျောက်ချောလမ်းချဲ့ခြင်းလုပ်ငန်းကို ပျဉ်းမနားလမ်းပိုင်းနှင့် တောင်တွင်းကြီးလမ်းပိုင်း နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ ပျဉ်းမနားအပိုင်း မြေသားလမ်းချဲ့ခြင်း လုပ်ငန်းပြီးစီးမှုမှာ ၁၆ မိုင်ဖြစ်ပြီး တောင်တွင်းကြီးအပိုင်း မြေသားလမ်းချဲ့ခြင်းလုပ်ငန်းပြီးစီးမှုမှာ ၁၅ မိုင်ဖြစ်ကာ မူလ ပေ ၂၀လမ်းကို ပေ ၄၀ အထိ မြေသားလမ်း တိုးချဲ့ခြင်းဖြစ်သည်။

ပျဉ်းမနားအပိုင်း ကျောက်ချောလမ်းချဲ့ခင်းခြင်း လုပ်ငန်းပြီးစီးမှုမှာ ၁၀မိုင်နှစ်ဖာလုံဖြစ်ပြီး တောင်တွင်းကြီးအပိုင်း ကျောက်ချောလမ်းချဲ့ခင်းခြင်းလုပ်ငန်း ပြီးစီးမှုမှာ ကိုးမိုင်ဖြစ်ကာ မူလ ၁၂ပေလမ်းကို ၂၄ပေ အထိ ကျောက်ခင်းလမ်း ချဲ့ထွင်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၄၇/၃)ရှိ သစ်တောရေးရာဝန်ကြီးဌာန ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ၂၀၀၄-၂၀၀၅ ခုနှစ် သီးခြားကျွန်း စိုက်ခင်းဧက ၃၀၀နှင့် ၂၀၀၅- ၂၀၀၆ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၈၀၀စိုက်ပျိုးမှုအခြေအနေများ၊ ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားဧက ၄၀၀ စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ခုနှစ် ဒေသ၌ဖြစ်ထွန်းသည့် သစ်(ယင်းမာ) စိုက်ခင်းဧက ၅၀စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းစိုက်ခင်းနှင့် ယင်းမာပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းအတွင်းယင်းမာပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

၂၀၀၇-၂၀၀၈ခုနှစ်တွင် ဒေသဖြစ်ထွန်းသစ်(ယင်းမာ) စိုက်ခင်းဧက ၅၀မှ ယနေ့အထိ သုံးဧက စတင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တောင်တွင်းကြီးအပိုင်း မိုင်တိုင်(၅၄/၂)၌ လမ်းသားတိုးချဲ့ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်းအင်ဂျင်နီယာမှူး ဦးအောင်ကျော်မြင့်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအနီး ရန်ပယ်ဆည်ရေသောက် နှမ်းစပါး ပန်းတိုင်ဧရိယာ ဧက ၁၅၀စိုက်ကွင်းသို့ ရောက်ရှိကြပြီး စိုက်ကွင်းအတွင်း နှမ်းစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း တိုင်းမန်နေဂျာ ဦးကျော့မောင်က လိုက်လံရှင်းလင်းပြသပြီး ၂၀၀၆-၂၀၀၇ခုနှစ်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် အခြေအနေများကို တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားကာ ဝက္ကသေး ကျေးရွာ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ပယ်လက်ဝဲမြောင်းလက်တံ (၂-က)၊ တိုးချဲ့ရေပေးမြောင်းဖောက်လုပ်ခြင်း လက်တံ(၂-က) မြောင်းထိပ်သို့ရောက်ရှိကြရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းတင်က ရန်ပယ်ရေလှောင်တမံ ဆည်ရေသောက် ဧရိယာကွင်း အညွှန်းပြမြေပုံဖြင့် ရန်ပယ်လက်ဝဲမြောင်းလက်တံ (၂-က) တိုးချဲ့ရေပေးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ရေပေးမြောင်းမှာ အလျားပေ ၁၉၄၀၀၊ အောက်ခြေအကျယ် ၅ ဒသမ ၅ ပေရှိပြီး အကျိုးပြုဧရိယာမှာ ဧက ၈၀၀ ဖြစ်သည်။ လုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီးနေကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု ခြ်စည်းရိုးကြက်ဆူ ငါးဧက၊ အပင် ၆၀၀၀ စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်ပြီး ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပေးကာ ကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တောင်တွင်းကြီး-အောင်လံ-သရက်- ပြည်လမ်းမှ အောင်လံမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအနီး မိုင်တိုင်(၂၃၁/၁)၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့နယ် ရွှေညောင်ပင်အုပ်စုအနီး မိုင်တိုင် ၂၂၄ရှိ မျိုးသန့် အဆင့်(၁) မျိုးပွားစံပြကွက် ဆင်းသွယ်လတ်စပါး ဧက ၅၀ နွေစပါးစိုက်ကွင်းသို့ရောက်ရှိကြပြီး နွေစပါး စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ ကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပြည်-မန္တလေးလမ်း အောင်လံမြို့နယ် မိုင်တိုင်(၂၁၁/၂၁၂)အတွင်း ပြည်ဘက်ကမ်းနှင့် အောင်လံဘက်ကမ်းကိုဆက်သွယ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ဘွက်ကြီးချောင်းကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ တိုင်းအင်ဂျင်နီယာမှူး ဦးတင့်လွင်က ဘွက်ကြီးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင် ပြည်ဘက်ကမ်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ကြရေး မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောင်လံဘက်ကမ်း ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတံတားမှာ အရှည်ပေ ၁၇၇၀၊ တံတားအကျယ် ၃၄ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ (နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ် ခြောက်ပေ တစ်ဖက်သုံးပေဖြစ်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ် ၇၈ပေ၊ အမြင့် ရှစ်ပေဖြစ်ကာ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၂၆-၆-၂၀၀၄ က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ချဉ်းကပ်တံတားနှစ်ခုလုံးပြီးစီးပြီး ရေလယ်ပင်မတံတား ပေအရှည် ၆၀၀မှာ ရေလယ်တိုင်များအားလုံး စိုက်ထူပြီး ကွန်ကရစ်ရက်မများတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်တိုင် (၀/၀)မိုင်မှ(၁၉/၃)အထိ ကိုးပင်-စမ်းမကြီး-သစ်ရာကောက်ဖြတ်လမ်း ကိုးပင်ရွာလမ်းခွဲသို့ရောက်ရှိပြီး လမ်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း တောင်တွင်းကြီးအပိုင်းအား လမ်းသားတိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် မိုင်တိုင်(၂၆၂/၄)ရှိ စုပေါင်းသစ်ပင်စိုက်ပျိုးဥယျာဉ်နှင့် ခြံစည်းရိုးကြက်ဆူပင်တစ်သိန်း ပျိုးခြံသို့ရောက်ရှိကြပြီး ပျိုးထောင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်သစ်တောဦးစီးမှူးက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက် ဖြတ်လမ်း မိုင်တိုင်(၅/၆)ရှိ ပြည်သာယာစိုက်ပျိုးရေး လုပ်ငန်း ကုမ္ပဏီလီမိတက် ကိုးပင်ဒေသ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်သာယာ စိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား မန်နေဂျာ ဦးထွန်းဝေက ပြည်သာယာ စိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီလီမိတက် စိုက်ကွင်း စီမံကိန်း၏ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှု၊ ရည်ရွယ်ချက်၊ ဆောင်ရွက်မည့်လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ပျိုးထောင်မှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကိုးပင်-စမ်းမကြီး-သစ်ရာကောက်ဖြတ်လမ်း လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာ ဦးအောင်ကျော်မြင့်က ကိုးပင်-စမ်းမကြီး-သစ်ရာကောက်ဖြတ်လမ်း ဖောက်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ လမ်းပိုင်းမှာ မိုင်(၀/၀)မှ (၁၉/၃)အထိ ၁၉မိုင် သုံးဖာလုံရှိပြီး ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် မကွေးမြို့နယ်များမှ အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်ကြကြောင်း သိရှိရသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မကွေးတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်နိမိတ် အိုင်မနက်ချောင်းမှ စတင်၍ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲမြို့နယ်များကို ဖြတ်သန်းကာ မကွေးတိုင်းနှင့် ပဲခူးတိုင်း နယ်နိမိတ်ဖြစ်သည့် အောင်လံမြို့နယ် ဇျန်ဒီကျေးရွာအနီး ပွိုင့် ၈၇၇အထိ ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက **စာမျက်နှာ ၇ ကော်လံ ၁ သို့**

❒ စာမျက်နှာ ၆ မှ

လမ်းအရှည်(၅၃/၃)မိုင် တာဝန်ယူဆောင်ရွက်ပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က(၇၅/၃)မိုင် တာဝန်ယူဆောင်ရွက်ကာ စုစုပေါင်း(၁၂၈/၅)မိုင်ဖြစ်သည်။

ယခုအခါ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထားသည့် လမ်းပိုင်းအနေဖြင့် (၁၄/၄)မိုင် ကတ္တရာလုပ်ငန်းများပြီးစီးနေပြီး (၁၈/၄)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ပေ ၄၀ရှိ ရေကျော် တစ်စင်းဘိလပ်မြေလောင်းခြင်းလုပ်ငန်း၊ ပေ ၁၀၀၀ကျောက်စီ ရေမြောင်း ဘိလပ်မြေလောင်းခြင်းလုပ်ငန်း၊ သုံးပေရေပြွန် ၁၀စင်း ဘိလပ်မြေလောင်းခြင်းလုပ်ငန်းများ ပြီးစီးနေကြောင်းနှင့် ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေး-သစ်ရာကောက်-ကိုးပင်-အောင်လံ ဖြတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မကွေးမြို့နယ် သစ်ရာကောက်လမ်းဆုံသို့ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မကွေး-သစ်ရာကောက်-ကိုးပင်-အောင်လံ ဖြတ်လမ်းဖောက်လုပ်ပြီးစီးသွားသည့်အတွက် မူလလမ်းအရှည်ထက် ၂၆မိုင် နှစ်ဖာလုံ တိုတောင်းသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ ရန်ကုန်မှ မကွေးသို့ သွားလာရာတွင် အချိန်တိုအတွင်း ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေချောမွေ့သွားကြောင်း သိရှိရသည်။

အောင်လံမြို့နယ်အတွင်း နှမ်းစပါး လျာထား ဧက ၆၄၀၀၊ စိုက်ပျိုးပြီး ၆၄၆၉ ဧက ဖြစ်သည်။ တောင်တွင်းကြီးမြို့နယ်အတွင်း နှမ်းစပါးလျာထား ဧက ၂၃၅၀၊ စိုက်ပျိုးပြီး ဧက ၂၄၁၀ ဖြစ်သည်။ ကြက်ဆူပင်စိုက်ပျိုးမှုမှာ ယခုနှစ်အတွင်း အောင်လံမြို့နယ်အတွင်း လျာထား ၅၃၁၉ဧက၊ တောင်တွင်းကြီးမြို့နယ်အတွင်း လျာထား ၁၅၄၇၁ ဧက ဖြစ်ပြီး ယခုအခါ မိုးများ စတင်ရွာသွန်းနေပြီဖြစ်၍ မြို့နယ်အလိုက် စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး မကွေးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၂၁

စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက် ၉နာရီတွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးတင့်နိုင်၊ မုံရွာမြို့နယ်အသင်း အတွင်းရေးမှူးနှင့် မုံရွာတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်းကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မုံရွာတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖိုးချွန်က စာကြည့်တိုက် တည်ဆောက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့ထံ ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးက စာကြည့်တိုက်အတွက် စာအုပ်များကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အသင်းသားများသို့ တာဝန်ပေး အသိအမှတ်ပြုလွှာများနှင့် စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သော စာကြည့်တိုက် အဆောက်အအုံမှာ သွပ်မိုး၊ နံကပ် အဆောက်အအုံဖြစ်ပြီး အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ် ၅၃ သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်း ဖြစ်ရာ သုတ၊ ရသစာအုပ်များနှင့် ဂျာနယ်မျိုးစုံကို စနစ်တကျထိန်းသိမ်း ထားရှိ၍ စာပေဝါသနာရှင်များ လာရောက်ဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ချောင်းဦးမြို့နယ် အမြင့် စံပြကျေးရွာ အထက်တန်းကျောင်း ခန်းမ၌ကျင်းပသည့် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်သည် သင်တန်းခန်းအတွင်း သင်တန်းသား၊ သင်တန်းသူများ၏ ကွန်ပျူတာကျွမ်းကျင်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကျောင်းခန်းမအတွင်း ဒေသခံပြည်သူများကို တွေ့ဆုံမှာကြားပြီး နှစ်ထပ်ကျောင်းဆောင်သစ်အတွက် သွပ်အချပ် ၄၀ နှင့် ဘိလပ်မြေအိတ် ၅၀၊ အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမြင့် စံပြကျေးရွာ အထက်တန်းကျောင်း၌ ကွန်ပျူတာခြောက်လုံးဖြင့် ကျောင်းသားလူငယ် ၅၃ဦးအား ကွန်ပျူတာ အခြေခံပညာရပ်များ သင်ကြားပေးခဲ့သည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင်သည် နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ်အသင်းရုံး၌ ချောင်းဦးမြို့နယ်အသင်း၏ ပူးပေါင်းကူညီမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီး ပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး အလင်းသစ်စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (အား/ကာ)

ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးမှ ကြီးမှူးဖွင့်လှစ်ခဲ့သော စတုတ္ထအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဆင်းပွဲကို မေ ၂၀ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသက်နိုင် သင်တန်းသူတစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာ သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

ရန်ကုန် မေ ၂၁

၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာ သင်တန်းများ၊ မဟာသိပ္ပံ သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြု မဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံ သင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံ သင်တန်းဝင်ခွင့်အတွက် လျှောက်လွှာများ ခေါ်ယူထားသည်။

သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ အယုံအကြည်မရှိတော့သဖြင့် ပျော်ဘွယ်မြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် မေ ၂၁

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ဦးဝင်းသိန်းနှင့် ဦးမောင်မြင့်တို့နှစ်ဦးသည် ဧပြီ ၂၁ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပျော်ဘွယ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင်၎င်းတို့သည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့သဖြင့် ပါတီဝင်အဖြစ်မှ လည်းကောင်း၊ မြို့နယ်စည်းရုံးရေး ကော်မတီဝင်များအဖြစ်မှလည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဌာန်းဒေသနာ တရားတော်(အပိုင်း-၁) (ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၇း၅၅	အံ့ဖွယ်ထူးခြား ကလောမဟာ မုနိဆုတောင်းပြည့်နီးဘုရား
၈း၁၀	Sunday Talk
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ကုသိုလ်ရှင်တွေနဲ့အတူ သာဓုခေါ်နိုင်ဖို့ မဟာတေဇ မုနိစေတီတော်ကိုဖူးကြစို့
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	Music Gallery (ဒီလွန်-စံပါပဲ)
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အမေနှင့်သမီးများ" ရုပ်ရှင်ဇာတ်ကား
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅	သွေးပြန်ကြောအားနည်းရောဂါအကြောင်းသိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာ ခင်မောင်အေး)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ်
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	ကြယ်ပွင့်များနှင့် စကားလက်ဆုံ (ညီသစ်ထူးနှင့်တွေ့ဆုံခြင်း)
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	"အင်း"ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

သာသနာ့ဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်၌ ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မေ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော မဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညိန္ဒအား ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကို (၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်) ဇွန် ၂ ရက် (စနေနေ့)တွင် ယင်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင်ကျင်းပရေးကော်မတီမှ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား လာရောက်၍ အတူတကွ ပူဇော်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဖုန်း- ၅၄၁၀၀၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

22 May 2007

International Day for Biological Diversity

Biodiversity and Climate Change

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၁

၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် လူဦးရေဆိုင်ရာ လုပ်ငန်းများနှင့်ဆက်နွှယ်နေသည့် ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဆပ်ကော်မတီကို ဖွဲ့စည်းပြီး အဆိုပါ ဆပ်ကော်မတီဝင်များက မိမိတို့ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်လျာထားချက်များကို အကြံပြုတင်ပြဆွေးနွေးကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ Men as Partners in Maternal Health (မိခင်ဘဝ ကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု) ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ

ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် ရှေ့ညဝါ ဆရာဖြစ်သင်တန်း အောင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ပို့ချလျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရှေ့ညဝါ ဆရာဖြစ် သင်တန်းအောင်ပွဲ အခမ်းအနားနှင့် ယင်းစာသင်တိုက်ရှိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၏ ပင်မအဆောက်အအုံဖြစ်သော ရှေ့ညဝါ ပညာ့ဗိမာန်သုံးထပ်ကျောင်းတော်ကြီးရေစက်ချ အလှူတော်မင်္ဂလာတို့ကို ဇွန် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ အမှူးပြုသော ရှေ့ညဝါ သံဃာတော်အပါး ၁၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ပြုလုပ်မည်ဖြစ်၍ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ကျောင်းသားကျောင်းသူများ ဇွန် ၂ ရက် (စနေနေ့)တွင် ကြိုတင်ရောက်ရှိကြရန်နှင့် အလှူရှင်များ လာရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း ဒုတိယအကြိမ် သြဝါဒ ခံယူမည်

ရန်ကုန် မေ ၂၁

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်တွင် တပည့်သံဃာများ စုပေါင်း၍ သဒ္ဓမ္မပဇ္ဇောတာရုံ ဆရာတော်ကြီးထံမှ ဒုတိယအကြိမ် သြဝါဒခံယူပူဇော်ပွဲ အခမ်းအနားကို (၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၄၊ ၁၅ ရက်) မေ ၂၉၊ ၃၀ ရက်များတွင် ပြုလုပ်မည်ဖြစ်ရာ ယင်းကျောင်းတိုက်၌ ပညာသင်ကြားခဲ့ကြသော အဝေးရောက် တပည့်သံဃာများ ပင့်ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ပညာပြည့်ဝ နှလုံးလှစေရန် စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေး စေတနာထားဆောင်ရွက် ရန်ကုန်တိုင်းအတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ ဒုတိယအကြိမ် လှူဒါန်း

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ ဒုတိယအကြိမ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး လှူဒါန်းသည့် ပစ္စည်းများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးဆိုသည့် အခြေခံလိုအပ်ချက် သုံးချက် လိုအပ်ကြောင်း။

နိုင်ငံတော်အတွင်းရှိ ကျေးလက်ပြည်သူများ အပါအဝင် လူထုလူတန်းစား အားလုံးတို့ အနေဖြင့် အသိပညာ ဗဟုသုတ ပြည့်ဝရန်နှင့် အတွေးအခေါ် မှန်ကန်ရန် အထူးလိုအပ်ကြောင်း၊ ပြည်သူများ အတွေးအခေါ် မှန်ကန်ရန်နှင့် အသိပညာ၊ ဗဟုသုတရရှိရန်အတွက် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့ကြောင်း၊ လူ့အသားအရင်းအမြစ် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် အသံတိတ်စာသင်ကျောင်းဟုခေါ်သည့် စာကြည့်တိုက်များ ဖွင့်လှစ်ရန်လိုအပ်ကြောင်း။

စာကြည့်တိုက်ဆိုသည်မှာ စာအုပ်နှင့် ပြည်သူ ဆက်သွယ်ပေါင်းကူးပေးသည့် ဌာန၊ အသိဉာဏ်ပညာ ထုတ်လုပ်ရာ အလုပ်ရုံ၊ ဘဝတစ်သက်တာ စာဖတ်ခန်း၊ လူထုတက္ကသိုလ်၊ နိုင်ငံတော်၏ ဦးနှောက်၊ အသည်းနှလုံးစသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြကြောင်း၊ ပညာပြည့်ဝ နှလုံးလှစေရန် တာဝန်ရှိသူအားလုံးက စာကြည့်တိုက်လုပ်ငန်းများ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာရှေ့ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် ရန်ကုန်တိုင်း၌ တိုင်းလုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၂၀၅၆ ခု ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် အချက် (၅)ချက်ရှိရာ ပထမဆုံး ကျေးရွာပြည်သူများ စာအုပ်စာစောင် အမြဲမပြတ် ဖတ်ရှုလေ့လာနိုင်အောင် ဆက်လက်စည်းရုံး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ စာအုပ်စာစောင်များ လစဉ်တိုးပွားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာအုပ်စာစောင် လစဉ်တိုးပွားအောင် ဆောင်ရွက်ရာတွင် စာအုပ်အလှူခံသည့်နည်းနှင့် ဝယ်သည့်နည်း နှစ်ခုရှိကြောင်း၊ ဝယ်ယူရန်အတွက် ရန်ပုံငွေရရှိရန် စေတနာရှင်များထံမှ ငွေအလှူခံခြင်းနှင့် စာအုပ်ငှားရာတွင် သင့်လျော်သည့် စနစ်ချမှတ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယအချက်က စိတ်အေးချမ်းသာစွာ စာဖတ်နိုင်ရန် စာကြည့်တိုက်အဆောက်အအုံ ထူထောင်သင့်ကြောင်း၊ စတုတ္ထအချက်က စာကြည့်တိုက်ပရိဘောဂများ ပိုမိုပြည့်စုံလာအောင် ဆက်လက်ထူထောင်သင့်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် ဝါသနာပါပြီး ယုံကြည်စိတ်ချရသည့် စာကြည့်တိုက်မှူးကောင်းရှိလာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း။

ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် အချက် (၅)ချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ရာ ကျေးရွာလူထု စာဖတ်သည့် အလေ့အထ တိုးတက်များပြား ကျယ်ပြန့်အောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ရေး (Borrower)၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများ အရည်အသွေး မြှင့်တင်ရေး (Brain)၊ စာအုပ်စာစောင်များ အဆက်မပြတ်တိုးပွားရေး (Books)၊ ရန်ပုံငွေ ရရှိရေး (Budget)၊ အဆောက်အအုံနှင့် ပရိဘောဂ (Building) ရှိရေးတို့ ဖြစ်ကြောင်း၊ အတိုချုပ်ပြောရလျှင် B ငါးလုံးဖြစ်ကြောင်း။

နောက်ဆုံးအချက် ဖြစ်သည့် အဆောက်အအုံနှင့် ပရိဘောဂ ရရှိရေးသည် အထူးအားစိုက်လာရကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ စိတ်အေးချမ်းသာစွာ စာဖတ်နိုင်ရန်အတွက် ကိုယ်ပိုင်အဆောက်အအုံ မရှိသေးသည့် ကျေးရွာစာကြည့်တိုက်များကို သင့်လျော်သော မြေနေရာတွင် တန်ဖိုးကြီးသည့် ပစ္စည်းဖြင့် မဆောက်နိုင်သေးလျှင် ဒေသထွက်ပစ္စည်း (သစ်၊ ဝါး၊ ဓနိ) တို့ဖြင့် ဆောက်နိုင်ရန်၊ သင့်လျော်သော ပရိဘောဂရရှိရန် သက်ဆိုင်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အလားတူ မြို့ပေါ်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်း ခိုင်မာရှင်သန်အောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ကြီးကြပ်ပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတိုးတက်ရေးတွင် မရှိမဖြစ်သည့် ပြည်သူများ အသိပညာ ဖွံ့ဖြိုးရေးဆိုသော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးဖြစ်သည့်အတွက် တာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

၂၁ ရာစုကာလသည် ပညာထွန်းကားသည့် ကာလဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာရပ်ဆိုင်ရာများ အစွမ်းကုန် ထွန်းကားဖြစ်ပေါ် လာနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်ကဏ္ဍအသီးသီးတွင် ပညာနှင့် နည်းပညာများ ဖွံ့ဖြိုးမှုနိမ့်ကျပါက နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးမှုနိမ့်ကျမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပါရမီဖြည့်သူစေတနာရှင် အလှူရှင်များ၏ စေတနာကိုအလေးထား အသိအမှတ်ပြုပါကြောင်းနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကူညီစောင့်ရှောက်ကြရန် မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူရှင်များက လှူဒါန်းသည့် လှူဒါန်းငွေ၊ စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ခြောက်လုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၃၀၀၀၀၊ ငွေကျပ် ၁၀၂၉၄၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ၁၁ လုံးနှင့် ရေဒီယို ၁၆လုံး၊ ငွေကျပ် ၃၈၇၇၅၀၊ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၇၉၇ အုပ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၈၀၀၀၀၊ ငွေကျပ် ၁၀၉၁၅၅၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက် ခြောက်လုံးနှင့် ရေဒီယို ၄၈လုံး၊ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ကြည့်မြင်တိုင်မြို့နယ် စာကြည့်တိုက် အဆောက်အအုံ နှစ်လုံး၊ ငွေကျပ် ၅၆၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၅၈၀၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၁၁၇၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြား ပြစက် ၁၀ လုံးနှင့် ရေဒီယို ၁၉ လုံး၊ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ် စာကြည့်တိုက် အဆောက်အအုံ လေးလုံး၊ ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ဆက်တီတစ်စုံနှင့် ဗီရိုတစ်လုံး၊ ငွေကျပ် ၈၁၅၄၅ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၃၇၇အုပ်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၁၀၀၀၊ ငွေကျပ် ၂၀၉၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက် နှစ်လုံးနှင့် ရေဒီယို နှစ်လုံး၊ ငွေကျပ် ၇၅၀၀၀၀၀ တန်ဖိုးရှိ မှော်ဘီမြို့နယ် စာကြည့်တိုက် အဆောက်အအုံ တစ်လုံးနှင့် စပါးခွဲလျှပ်စစ်ဓာတ်အားပေးစက် တစ်လုံး၊ ငွေကျပ် ၇၉၅၂၃၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၉၆၅ အုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ချုပ်က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ငွေကျပ် ငါးသိန်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ပညာရေးမိသားစုက ငွေကျပ် ၁၅သိန်း၊ မှော်ဘီမြို့နယ် ကင်မလင်းကျေးရွာ ကရင်နှစ်ခြင်းခရစ်ယာန်ကျောင်းမှ ဦးကျာမှူးနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ် ၅၅၀၀၀၀၀ တန်ဖိုးရှိ စပါးခွဲ လျှပ်စစ်ဓာတ်အားပေးစက်၊ မှော်ဘီမြို့နယ် ကင်းမလင်းကျေးရွာ စိတ္တသုခကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက ငွေကျပ်သိန်း ၂၀၊ သုံးခွမြို့နယ် အောင်ပန်းစိန်ကျေးရွာမှ ဦးထွန်းရှိန်-ဒေါ်သန်းခင်မိသားစုက ငွေကျပ် ၁၅သိန်း၊ သုံးခွမြို့နယ် အရှေ့တံခွန်တိုင်ကျေးရွာမှ အလှူရှင်များက ငွေကျပ် ၁၅ သိန်း၊ ရုပ်ရှင်သရုပ်ဆောင် သျှားညိုက ငွေကျပ် ၁၂၂၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၂၀၀၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၈၀၅၇၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၇၃၀၊ ကျောက်တန်း သီလဝါစက်မှုဇုန်မှ ဦးမြင့်စိုး အဏ္ဏဝါ ဘော့စ် ကြေးပန်ကာ ပုံလောင်းလုပ်ငန်းက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ငွေကျပ်ငါးသိန်း၊ စိတ်ကူးချိုချိုစာပေတိုက်က ငွေကျပ် ၅၈၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၇၈၀၊ ရန်ကုန်တိုင်း (မထသ)က ရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် အင်တင်နာ တစ်ခု၊ ရန်ကုန်တိုင်း ဗီဒီယိုကြီးကြပ်ရေးအဖွဲ့က ရုပ်မြင်သံကြားပြစက်တစ်လုံး၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် ရုပ်မြင်သံကြားပြစက်များကို လက်ခံစဉ်။ (သတင်းစဉ်)

သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် လှူဒါန်းနိုင်ရန်အတွက် ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းတက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဥပတ္ထမ္ဘကအဖွဲ့မှ ဆောင်ရွက်နေသော သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် လှူဒါန်းနိုင်ရန်အတွက် ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရေတာရှည်ကြားတောရလမ်းရှိ တိုင်းသံဃနာယကအဖွဲ့ရုံးဝင်းအတွင်း မင်္ဂလာဈေး ဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဥပတ္ထမ္ဘကအဖွဲ့ အတွင်းရေးမှူး တိုင်းသာသနာရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဥပတ္ထမ္ဘကအဖွဲ့က ဆောင်ရွက်နေသော သာသနာရေးဆိုင်ရာ အခမ်းအနားများအတွက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ကအလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ တိုင်း သာသနာရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လက်ခံသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တိုင်း ဥပတ္ထမ္ဘကအဖွဲ့မှ ဆောင်ရွက်နေသော သာသနာရေးဆိုင်ရာ အခမ်းအနားများတွင် လှူဒါန်းနိုင်ရန် အတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်း၊ ဦးဇော်ဇော်နိုင် (ဟိန္ဒူ ဖောင်ဒေးရှင်း)က ငွေကျပ် ၅၁၃၀၀၀၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ အဂ္ဂမဟာ သီရိသုဓမ္မ သီဟသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် (Asia Express)၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး၊ သီရိသုဓမ္မသိင်္ဂီဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံးချမ်းသာ ဆေးတိုက်)တို့က ငွေကျပ် ငါးသိန်းစီ၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာနက ငွေကျပ် လေးသိန်း၊ ဦးတင်မောင် (စန္ဒီပရဆေးတိုက်)က ငွေကျပ် ၃၃၃၀၀၀၊ မထသ အဝေးပြေးယာဉ်အသင်း၊ ဦးတင့်ဆန်း-ဒေါ်ဌေးဌေးငြိမ်း (ACE ဆောက်လုပ်ရေး)၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး(ပါရမီ)၊ ဒေါ်ခင်ဆွေဦး (မြန်မာသရဖူဆောက်လုပ်ရေး)၊ ဦးသိန်းအောင် - ဒေါ်သင်းသင်းလှ (သပြေကုန်းရပ်ကွက် မင်္ဂလာတောင်ညွန့်)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း (ရန်ကင်း) တို့က ငွေကျပ် သုံးသိန်းစီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း (တော်ဝင်ဆောက်လုပ်ရေး)၊ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဦးမောင်မောင်လွင်-ဒေါ်စိန်စိန်၊ သမ္မတသက်န်းတိုက်၊ မထသ (အရှေ့ပိုင်းခရိုင်)၊ မထသ (အနောက်ပိုင်းခရိုင်)၊မထသ(တောင်ပိုင်းခရိုင်)၊ မထသ (မြောက်ပိုင်းခရိုင်)၊ ရွှေစည့်သည် ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းနှင့် ပုဂ္ဂလိက ရေယာဉ်များအသင်းတို့က အလှူငွေကျပ် နှစ်သိန်းစီ အပါအဝင် ငွေပဒေသာပင် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်း မြောင်းမြခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်မြင့်သည် ခရိုင်ရုံး ဒုတိယဦးစီးမှူး ဒေါ်ရီရီလွင် လိုက်ပါလျက် မြောင်းမြမြို့နယ် မရမ်းကုန်းကျေးရွာ ပညာဗိမာန် စာကြည့်တိုက်သို့ ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဒေသခံရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ရှင်သန်ခိုင်မာရေး၊ ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များကို ကိုယ်ပိုင်သီးခြား အဆောက်အအုံ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်သည့်နည်းလမ်းများကို ဆွေးနွေးသည်။

ထို့ပြင် စာကြည့်တိုက်၌ စာအုပ်စာစောင် တိုးပွားရေးအတွက် ရှာဖွေဆောင်ရွက်သင့်သည့် နည်းလမ်းများကိုလည်း အကြံပြုဆွေးနွေးခဲ့သည်။

ကျေးရူးတင်

အဆိုပါ ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြောင်းမြခရိုင်ရုံး ဒုတိယ ဦးစီးမှူး ဒေါ်ရီရီလွင်က အဆိုပါ ပညာဗိမာန် စာကြည့်တိုက်သို့ ခရိုင်ရုံးမှ လှူဒါန်းသော သုတ/ရသနှင့် မဂ္ဂဇင်းဂျာနယ်၊ စာစောင်များ စုစုပေါင်း ၂၁၀၊ တန်ဖိုးကျပ် ခြောက်သောင်းကျော်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမင်းအောင်က လက်ခံရယူပြီး**(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ခရိုင်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ဂုဏ်ပြုမှတ်တမ်းချီးမြှင့်

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်ဆဲ တက္ကသိုလ်အသီးသီး ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မြေညီထပ် အမှတ် ၃၈၁မှ ဦးလှဝင်း-ဒေါ်သိင်္ဂီဝင်း၊ သမီးကြီး အေးမြတ်အိန္ဒြေဝင်း၊ သမီးငယ် သုမြတ်ဟေသီဝင်း မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းချီးမြှင့်စဉ်။ (က-ပ)



ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် တောင်ဥက္ကလာပ(၉)ရပ်ကွက် သစ္စာလမ်းနေ ဦးသိန်းဖံ မိသားစုက ခေါ်ခင်မျိုးချစ်အားရည်စူး၍ ငွေကျပ် ၁၄၅၀၀၀ လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၃လမ်းနေ အဘွား ဒေါ်အမာ၊ အမေ ဒေါ်ကျင်အေး သားသမီးမြေး တစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီ လင်္ကာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရှိတော့ရှိတယ်ရှားတယ်” (အပိုင်း-၂၀)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မွေးမြူသုတ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အထူးရဲ” အပိုင်း(၈)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

● **စာမျက်နှာ ၉ မှ**

ဦးမိုးဦး (Golden Hill Group)က ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဦးကြင် (အထွေထွေမန်နေဂျာ) ရွှေညော်သည်ယာဉ်လိုင်းက ငွေကျပ်နှစ်သိန်း၊ ဦးတင်ညွှန့် (မထသ) အဝေးပြေးယာဉ်လိုင်းက ငွေကျပ်နှစ်သိန်း၊ ထရူပါစားသောက်ဆိုင်က ငွေကျပ်တစ်သိန်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်က ငွေကျပ် ၃၀၀၀၀ နှင့် ရုပ်မြင်သံကြားပြစက်သုံးလုံး၊ ဦးရန်အောင်(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓနည်းကျသြဇာရိက သုခုမ ဆေးပညာရှင်အဖွဲ့)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သစ်သားဆက်တီတစ်စုံ၊ ငွေကျပ်၅၀၀၀၀တန်ဖိုးရှိ ဗီရိုတစ်လုံး၊ ပျဉ်ထောင်ကျောင်းကျေးရွာအတွက် ငွေကျပ်တစ်သိန်း၊ ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူက ငွေကျပ် နှစ်သိန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမြထွေး ကုန်သွယ်ရေး(ငြိမ်း)က ငွေကျပ် ၁၈၅၄၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင်၆၁၈အုပ်၊ ရွှေနဂါးဦးတင်ဝင်းက ငွေကျပ် ၁၆၈၀၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၅၆အုပ်၊ တက္ကသိုလ်ဟန်မင်းဦးက ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၁၀၆၄၀၀ တန်ဖိုးရှိစာအုပ်၊ ဂျာနယ်၊ စာစောင် ၉၄၆အုပ်၊ ဝါမိုးအောင်စာပေတိုက်က ငွေကျပ် ၁၁၄၄၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၁၉၁အုပ်၊ ကန္တာရဝတီယာဉ်လိုင်းက ငွေကျပ်တစ်သိန်း၊ အလုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ငွေကျပ်တစ်သိန်း၊ ဒဂုံတောင်စက်မှုဇုန်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်သုံးလုံးနှင့် ဘက်ထရီသုံးလုံး၊ ဦးကျော်ကျော်နိုင် ဆံပင်အလှပြုပြင်ရေးက ငွေကျပ် ၁၅၉၉၀၀ တန်ဖိုးရှိစာအုပ်၊ ဂျာနယ်၊ စာစောင် ၁၀၂၁အုပ်၊ ပြည့်စုံဝင်းနိုင် ကုမ္ပဏီက ငွေကျပ် ၁၈၀၀၀၀တန်ဖိုးရှိ (၂၁)လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဒေါ်လှတင်(အရှေ့ရန်ကင်းမြို့နယ်)က ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၁၁၀၇၀၀ တန်ဖိုးရှိစာအုပ်၊ ဂျာနယ်၊ စာစောင်၃၆၉အုပ်၊ ဒေါက်တာတင်ထွန်းဦး (သုတစွယ်စုံ မဂ္ဂဇင်းတိုက်)က ငွေကျပ် ၆၇၅၀၀၀တန်ဖိုးရှိစာအုပ်၊ ဂျာနယ်၊ စာစောင် ၁၆၅၀၊ အုပ်၊ ကျောက်တံတားမြို့နယ်နေ ဦးဘုန်းမော်နှင့်အဖွဲ့က ငွေကျပ်၁၂၀၀၀၀တန်ဖိုးရှိ ရုပ်မြင်သံကြား ပြစက်တစ်လုံးနှင့် ရေဒီယိုငါးလုံး၊ သဃ်န်းကျွန်းမြို့နယ် သစ်တော ဦးစီးဌာနမှ ဦးသိန်းအောင်နှင့်အဖွဲ့က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဗီရိုတစ်လုံး၊ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဗီရိုတစ်လုံး၊ ရန်ကုန်တိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့က ငွေကျပ် ၁၂၀၀၀၀တန်ဖိုးရှိ ရေဒီယို ကက်ဆက်ခုနစ်လုံး၊ သီရိမွန်ပလာဇာတိုက်ခန်းများ သာယာရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ငွေကျပ် တစ်သိန်း၊ ဦးမြရှိန် ရဲအရာခံဗိုလ်(ငြိမ်း)က ငွေကျပ် ၇၂၂၅၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၁၁အုပ်၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ၆၅၀၀၀တန်ဖိုးရှိ ဒီဗွီဒီတစ်လုံး၊ ကေသီပန် ဦးလှမြင့်က ငွေကျပ် ၆၀၀၀၀ နှင့် ငွေကျပ်၃၀၀၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊ စာစောင် ၂၀၊ ဆရာကြီး ဦးလွန်းကြွယ်နှင့်ဇနီး ပန်းချီဆရာမ လွန်းမြမြမိသားစုက ငွေကျပ် ၅၅၀၀၀တန်ဖိုးရှိ ၁၄လက်မရုပ်မြင်သံကြားပြစက် အဖြူအမည်းတစ်လုံး၊ တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ စာအုပ်၊ ဂျာနယ်၊စာစောင် ၁၀၀၊ လှိုင်မြို့နယ် (၇)ရပ်ကွက် ဓမ္မသုခကျောင်းလမ်းနေ ရေခဲစက်လုပ်ငန်းရှင်ဦးထွန်းလှိုင်က ငွေကျပ်၉၀၀၀၀တန်ဖိုးရှိ(၁၄)လက်မရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာအုပ် ၃၅၀၊ သုဝဏ္ဏ (၂၄)ရပ်ကွက်နေ ဦးမိုးမြင့်ဆွေက ငွေကျပ် ၃၃၉၀၀၀တန်ဖိုးရှိ စာအုပ် ၃၇၀၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်-ဒေါ်စန္ဒာ မိသားစုက မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာစာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ် ၅၀၀၀၀၊ ရန်ကုန်တိုင်း(ပို့/ဆက်)က ရုပ်မြင်သံကြားပြစက်နှစ်လုံး၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းက ငွေကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဌာန ညွှန်ကြားရေးမှူး ဦးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းပွဲတွင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၅၄၂၁၀၀၀ အပါအဝင် ရုပ်မြင်သံကြားပြစက် ၄၆လုံး၊ ရေဒီယို ၈၅လုံး၊ ဒီဗွီဒီစက်တစ်လုံး၊ ဗီရိုနှစ်လုံး၊ ငွေကျပ် ၁၁၅သိန်းတန်ဖိုးရှိ စာကြည့်တိုက် အဆောက်အအုံလေးလုံး၊ ငွေကျပ် ၄၈သိန်းတန်ဖိုးရှိစာအုပ်၊ ဂျာနယ်၊ စာစောင် ၁၇၂၀၆ အုပ် စုစုပေါင်းငွေကျပ်၂၄၃၅၀၀၀၀ လှူဒါန်းကြောင်းသိရှိရသည်။ (သတင်းစဉ်)

လမ်းများရေရှည်တည်တံ့ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ အင်ကြင်းမြိုင်လမ်းနှင့် စိန်ပန်းမြိုင်လမ်းတို့၌ ကံဘဲ့ချောင်းကိုဖြတ်၍ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သစ္စာလမ်း ရေရှည်တံတားကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးတို့အတွက် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းဆုံအနီးနှင့် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းဆုံအနီး သစ္စာလမ်းကို **(အောက်ပုံ)**အကြီးစားပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကိုလည်းကောင်း၊မြောက်ဥက္ကလာပ မြို့နယ်သုမ္မောလမ်း ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကျောက်ရေတွင်း မီးရထားခုံးကျော်တံတားအနီး သုမ္မောလမ်းကို အကြီး စားပြုပြင် ထိန်းသိမ်းဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ခေတ္တဌာနမှူး ဦးစိုးမြိုင်နှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မြို့တော်ဝန်က လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သွက်လက်မြန်ဆန်မှုရှိစေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ကြရန်မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၉)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ် (၁၉) ဖြန့်ချိ

ရန်ကုန် မေ ၂၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ် (၁၉)တွင် ဆရာကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အွန်စောတို့ဌာနေ အခန်းဆက်ခရီးသွားဆောင်းပါးနှင့်အတူ ရန်ကုန်မြို့တော်ရှိ စက်မှုဇုန်များနှင့် အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား ယခင်ထက် ပိုမိုပြည့်ဝစွာ ပေးနိုင်တော့မည်၊ ရန်ကုန်မှတ်ပုံတင်သက်တမ်းနှစ် ၂၀ကျော်ကား နယ်လုံးဝမပို့ပါ၊ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားသော ယားနာအစို လူသို့ကူးစက်နိုင်၊ အဲပုဂံလေကြောင်းလိုင်း (A-320) လေယာဉ်နှစ်စင်း ထပ်မံဝယ်ယူကာ နိုင်ငံတကာခရီးစဉ်များ တိုးချဲ့မည်၊ စင်ကာပူ၊ ကိုရီးယား၊ ကမ္ဘောဒီးယား၊ ကူမင်း၊ ဒါကာမြို့၊ ချင်နိုင်းမြို့များသို့ ပျံသန်းမည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ဒီတစ်ခါ မော်ပညာဘယ်သူပြမှာလဲ အားကစားဆောင်းပါးနှင့်အတူ ဈေးချိုတွက်ခြေကိုက် ဘတ်ဂျက်ဟိုတယ်လုပ်ငန်း၌ အာရှသည်ရင်းနှီးမြှုပ်နှံသင့်၊ ၉၀ကျော်မှ ကံပေါ်သည့် ဂေါက်သမား ပထမဆုံးအကြိမ် တစ်ချက်တည်းကျင်းဝင်၊ ဂြိုဟ်တုရုပ်သံချိတ်ဆက် လက်တစ်ဖက်ကိုင် ကွန်ပျူတာ တောင်ကိုရီးယားကုမ္ပဏီဈေးကွက်တင်၊ ဘဝဆိုသည် အလွန်တို မြန်မြန်ပြတ်စဲဖို့လို၊ အမေရိကန်တို့သည်လည်း ပြင်သစ်တို့ကဲ့သို့ နောက်ဘက်က မီးလင်းသော်လည်း လိပ်ပြာမသန့်ဖြစ်ကြသည် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Hourse က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အရိုးကြီးပေါင်းတက်ရောဂါဟောပြောပွဲနှင့် အခမဲ့ ဆွေးနွေးကုသမှု အစီအစဉ် ကျင်းပ

ရန်ကုန် မေ ၂၁

Rottapharm **ကုမ္ပဏီက ထုတ်လုပ်ပြီး** Value Healthcare **က တာဝန်ယူဖြန့်ချိသည့် အရိုးကြီးပေါင်းတက်ရောဂါအတွက် တစ်ခုတည်းသော အသိအမှတ်ပြုဆေးဝါး** Viartril-S **၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောပွဲနှင့် အခမဲ့ဆွေးနွေးကုသမှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ** Park Royal Hotel **၌ ကျင်းပသည်။**

နှုတ်ခွန်းဆက်

ရှေးဦးစွာ Value Healthcare မှ Regional Manager Mr. Joel Milag နှင့် မြန်မာနိုင်ငံ အရိုးအထူးကု ဆရာဝန်များနှင့်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်ဟန်တို့က ကြိုဆို နှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် ထိုင်းနိုင်ငံ မဟီတော တက္ကသိုလ်မှ အရိုးအထူးကုပါမောက္ခ Saranatra Waikakul က "အရိုးနုအတွင်း အရိုးကြီးပေါင်းတက်ရောဂါဖြစ်စေသည့် နှိုးဆွဓာတ်ပစ္စည်းများနှင့် ရောဂါအကြောင်း"ကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ မေးမြန်းဆွေးနွေးမှုကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍အဆစ်အမြစ်အထူးကု ပါမောက္ခ ဒေါက်တာချစ်စိုးနှင့် အရိုးအထူးကု ပါမောက္ခ ဒေါက်တာမြင့်သောင်းတို့က အရိုးကြီးပေါင်းတက်ရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် အရိုးအထူးကု ဆရာဝန်များက တက်ရောက်လာကြသူ ၄၅၀ကျော်အနက်မှ အရိုးကြီးပေါင်းတက် ဝေဒနာရှင်များအား အခမဲ့ ဆွေးနွေးကုသပေးပြီး စတင်သုံးစွဲရမည့်ဆေးကို ဝေငှပေးသည်။ ဆက်လက်၍ ပါမောက္ခဒေါက်တာခင်မောင်ဟန်နှင့် Mr.Joel Milagတို့ကကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီးအမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Viartril-S ဆေးဝါးသည် အရိုးကြီးပေါင်းတက်ရောဂါအတွက် ရောဂါသက်သာရုံမက နောက်ဆက်တွဲ ဖြစ်သော မသွားလာ၊ မလှုပ်ရှားနိုင်ခြင်း၊ ဒူးအစားထိုး ကုသရခြင်း စသည်တို့ အလွန်နည်းပါးစေသည်။ Viartril-S ဆေးဝါးသည် Rottapharm Ireland မှ ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၈၀ ကျော်တွင် ဖြန့်ချိရောင်းချနိုင်ရန် သက်ဆိုင်ရာ ဆေးဝါးကြီးကြပ်ရေးအဖွဲ့များက အသိအမှတ်ပြုထားသော ဆေးဝါးဖြစ်သည်။

Viartril-S ဆေးသည် Glucosamine တစ်မျိုးတည်းသာ ပါဝင်သော အရိုးကြီးပေါင်းတက် ရောဂါနှင့် အရိုးအတက်ထွက်ရောဂါကို ကာကွယ်ပေးရုံသာမက ရောဂါဆက်လက်မဖြစ်ပွားနိုင်အောင် ဟန့်တားပေးနိုင်သော တစ်ခုတည်းသော ဆေးဝါးဖြစ်ပြီး အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၀၇ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်

၈း၀၀ ၆။ အကပြိုင်ပွဲ

၈း၁၀ ၇။ နတ်သားတောရေလှောင်တမံ

၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ Let's Go.

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English for Every day Use.

၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)

၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅း၁၅ ၆။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**

၅း၂၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်

၅း၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၆း၅၀ ၁၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၇း၀၅ ၁၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ရိုးရာလုပ်ငန်း ပန်းပွတ်စွမ်းရှာလွတ်ထုတ်ကုန်နိုင်ငံ့ဂုဏ်)

၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း-၁)**

၈း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၁၂)**

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှုဆောင်များနှင့် အသင်းဝင်များအားတွေ့ဆုံ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး စေတနာထားဆောင်ရွက်ရန် မှာကြား

နေပြည်တော် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများ၊ ဖြူးမြို့နယ်နှင့် ကညွတ်ကွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ မေ ၁၈ရက် နံနက် ၁၀နာရီခွဲတွင် ကညွတ်ကွင်းမြို့ မိုးကောင်းစေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်တို့ကို ဖူးမြော်ကြည်ညိုပြီး မိုးကောင်းကျောင်းတိုက် ဆရာတော် ဦးသီလစာရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်ကွက်ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နယ်မြေဒေသအသီးသီး၏ ဒေသအကျိုးပြု ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်ကြမည်ဟု ယုံကြည်ချက်၊ ခံယူချက်တူညီကြသူများဖြင့် စုစည်းထားသည့် အသင်းကြီးဖြစ်၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် စေတနာထားကာ သယ်ပိုးဆောင်ရွက်ကြရန်နှင့် အသင်းကြီး၏ ဆောင်ရွက်ချက်များကိုရှင်းလင်းမှာကြားသည်။

ယင်းနောက် အသင်းဝင်များက လူမှုရေးဆောင်ရွက်ချက်များ၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများနှင့် သင်တန်းဖွင့်လှစ်မှုများကို တင်ပြကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိုးကောင်းကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ကျောင်းဆောင် ဆောက်လုပ်မှုကို ကြည့်ရှုပြီး လိုအပ်ချက်များ လှူဒါန်းခဲ့ကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကညွတ်ကွင်းတိုက်နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်နေကြသော လူနာများအတွက် အာဟာရ အထောက်အပံ့နှင့် ရေသန့်စက်အတွက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ ဒေါက်တာအောင်ဆန်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက လက်ခံယူသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အသင်းဝင်များသည် ရေသန့်စက်ကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကညွတ်ကွင်းမြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများအားတွေ့ဆုံ ရှင်းလင်းမှာကြားစဉ်။ (လယ်/ဆည်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်များလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာရင်းစစ်များ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၁

စာရင်းစစ်များ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။

ဖွင့်လှစ်သွားမည်

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်းများ ထုတ်လုပ်ရေး အကြိုဆန်းစစ်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု တားဆီးရေးစီမံချက် (PMCT-Project) မှ ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်းများ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အကြိုဆန်းစစ်ပွဲကို မေ ၁၉ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာ၊ မိခင်မှ ကလေးသို့ HIVပိုးကူးစက်မှုတားဆီးရေးစီမံချက် စီမံချက်အရာရှိ ဒေါက်တာဝေမြင့်၊ ဒေါက်တာဖုန်းမူလှိုင်နှင့် ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်နှင့် ကျန်းမာရေး ပညာအရာရှိများ၊ လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် အဖွဲ့ဝင်များ၊ အသင်းဝင် အိမ်ထောင်ဦးစီး အမျိုးသားများ၊ အိမ်ထောင်ရှင် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် မိခင်မှ ကလေးသို့ HIVပိုးကူးစက်မှု တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် အောင်မြင်တိုးတက်မှုများ အတွက် လုပ်ငန်းဆန်းစစ်ဆွေးနွေးသည့် နည်းလမ်းအကြောင်း အသိပေးဆွေးနွေးသည်။ ထို့နောက် ဗဟိုကျန်းမာရေး ပညာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က မိခင်မှကလေးသို့ HIVပိုးကူးစက်မှု ကာကွယ်တားဆီးရေး ပညာပေး အထောက်အကူပစ္စည်းများ၏ အခန်းကဏ္ဍကို သရုပ်ပြရှင်းလင်းပြောကြားသည်။

အဆိုပါ အကြိုဆန်းစစ်မှုတွင် အသင်းဝင် အိမ်ထောင်ဦးစီးအမျိုးသားများ၊ အိမ်ထောင်ရှင်အမျိုးသမီးများ၊ အရွယ်ရောက်ပြီး အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ပါဝင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို မေ ၁၉ရက်တွင် နှစ်ကြိမ်နှင့် ၂၀ရက် နံနက်ပိုင်းတွင် တစ်ကြိမ်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မိခင်နှင့်ကလေးသို့ HIV ပိုး ကူးစက်မှု တားဆီးရေးစီမံချက်မှ ကျန်းမာရေး ပညာပေး အထောက်အကူ ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အကြိုဆန်းစစ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာဆွေးနွေးစဉ်။ (ကျန်းမာရေး)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရုံးခန်းသစ်ဖွင့်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရုံးခန်းသစ်ဖွင့်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့၏(၁/၀၇-၀၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မေ ၁၈ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Towerအစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်(အကယ်ဒမီရွှေသန့်) က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရုံးခန်းသစ်ကို ဖွင့်လှစ်ကြောင်းကြေညာသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်) က အလုပ်အမှုဆောင်အဖွဲ့၏(၈/၀၅-၀၆) အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ချက်များကို တင်ပြကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းရုံးခန်းသစ်ကို UMFCCI Office Towerရှိ Level 5၌ ဖွင့်လှစ်ထားပြီး အသင်းနှင့် သက်ဆိုင်သည့် ရုံးကိစ္စများကို ဖုန်း-၂၁၄၈၃၇ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ခင်မင်ရင်းနှီးစွာ ဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့ နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင်၊ ဝါရင့်ဝန်ကြီးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာကျော်ပရာဆစ်ဒ်၊ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာထောင်ခွန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ဟူလ်ဖန်နီနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ဆွေးနွေးပွဲတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၂-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်

နေပြည်တော် မေ ၂၁

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

" ကျွန်တော်တို့နိုင်ငံ၏ လူမှုပတ်ဝန်းကျင်၌ ဖြစ်ပေါ်လျက်ရှိသော အခြေအနေပေါ် မူတည်ပြီး တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်ကာ ခိုင်မာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတစ်ရပ်ကိုရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မကြာမီထိုအခြေခံဥပဒေကြီး ပေါ်ထွန်းလာပါတော့မည်။" ငါးမင်းဆွေ၏ **"ဘာအရေးကြီးသလဲ"**(ဆောင်းပါး)စာမျက်နှာ-၃